သဲကုန်းကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၁၈–၂၀၂၂)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သဲကုန်းကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ

**မာတိကာ**


မာတိကာ ၁

စကားချီး ၅

သဲကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉**

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀**

**အပိုင်း (ခ) စီမံကိန်းဆိုင်ရာအချက်အလက်များ**

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆**

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၇**

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉**

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း

(၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(၁၁-၃) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၃၂**

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စု များ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

**(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှု များ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့် အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၉

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)၇၂

**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၉ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သဲကုန်းကျေးရွာ၊ သရက်ကွင်းကျေးရွာအုပ်စု

ကန့်ကြီးထောင့်မြို့နယ်

# သဲကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ သရက်ကွင်းကျေးရွာအုပ်စု၊ သဲကုန်းကျေးရွာသည် အိမ်ခြေနှင့် လူဦးရေ နည်းပါးပြီး ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေခြင်းကြောင့် ဤအစီအစဉ်တွင်ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုပါဝင်မှုအားနည်းရပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ သို့သော် အလွယ်တကူတကျွမ်းမှုမရှိ၍ စီစဉ်ဆောင်ရွက်ရာတွင် ခက်ခဲပါသဖြင့် မိမိတို့ ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစုတင်ပြသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်

ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှူဒါန်းမည်ဆိုပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါ သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။ လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်း အသေးစားများဖြစ်၍ လူထုမှလည်း ထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

သဲကုန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်အတွင်း တည်ရှိပြီး ပုသိမ်မြို့နယ်နှင့် မြောင်းမြမြို့နယ်ဆက်သွယ်သော ရေကြောင်းလမ်းဖြစ်သည့် မောင်းတီးမြစ်ဘေးတွင်တည်ရှိ၍ ရေကြောင်းဖြင့်သာ သွားလာရန်လွယ်ကူပါသည်။ ပွင့်လင်းရာသီတွင် ပုသိမ်မြို့သို့ ဆိုင်ကယ်ဖြင့် သွားရောက်နိုင်ပါသည်။ ရာသီဥတုမှာ ပုံမှန်အနေအထားရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာ၏ ပတ်လည်တွင် မြစ်ချောင်းများ၊ လယ်ကွင်းများ၊ အခြားကျေးရွာများ ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် မြစ်ကမ်းဘေးတွင် တည်ရှိသောကြောင့် နွေစပါး စိုက်ပျိုးရာတွင် ရေရရှိရန် လွယ်ကူပြီး နွေစပါး စိုက်ပျိုးမြေဧက (၁၀၀) ဧကခန့်ရှိပါသည်။ လယ်ယာမြေ (၁၁၃) ဧက၊ ဥယျာဉ်ခြံ

(၄.၅) ဧက နှင့် ဓနိတောမြေ (၈.၅) ဧက ရှိပါသည်။ မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ မိုးရာသီတွင် မိုးရေအသုံးပြု၍ စပါးကိုအဓိကစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက် သယံဇာတများမရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှုနည်းပါးသွားပြီဖြစ်ပါသည်။ နွား၊ ကြက်၊ ဝက်၊ ဘဲများကိုသာ တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ နွားစာအတွက်မြက်များကို လယ်ကန်သင်းများနှင့် မြောင်းကမ်းပါးမှ အလွယ်တကူရရှိနိုင်ပါသည်။ ဆေးဖက်ဝင်အပင်များ အသင့်အတင့်ရှိသော်လည်း တိုင်းရင်းဆေးသုံးစွဲမှု နည်းပါးပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၅၁) စုနှင့် ကျား (၁၀၀) စု၊ မ(၉၉) ဦးဖြင့် လူဦးရေပေါင်း (၁၉၉) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၃.၉) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် အနည်းငယ်လျော့နည်းသည်။ ကျေးရွာတွင် ဗမာ၊ ကရင်(ဗုဒ္ဓ) လူမျိုးများ အများစုနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၆၈.၈% ခန့်ရှိပြီး အမျိုးသမီးဦးရေ စုစုပေါင်းမှာ အမျိုးသားအရေအတွက်နှင့် ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ် များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ရှိပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် မိမိတို့ကျေးရွာ အနေအထားဖြင့်ကြည့်သော် အိမ်ထောင်စုအားလုံး၏ ၈၄% ခန့်သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စု အဆင့်အဖြစ် သတ်မှတ်ကြပြီး ၁၂% သည် အဆင်ပြေသည့်အဆင့်၊ ၄% သည် အလယ်အလတ်အဆင့်ရှိကြသည် ဟုသတ်မှတ်သည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံး စက်ကိရိယာများပိုင်ဆိုင်မှုအနည်းအကျဉ်းရှိပြီး မြစ်ရေသွင်း၍ စိုက်ပျိုးနိုင်သဖြင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့်သာ ကောင်းမွန်သည်ဟုပြောနိုင်သည်။ အဆင်ပြေသောအိမ်ထောင်စုများနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း ပန်းရံ၊ လက်သမား၊ အရောင်းအဝယ်၊ သယ်ယူပို့ဆောင်ရေး စသည့် လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်တွင် လက်လုပ်လက်စား ကျပန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်း ခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် (၇၀.၅%) ထိရှိကာ ဆင်းရဲ၊ အလွန် ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ သုံးပုံနှစ်ပုံခန့်ရှိပြီး ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ရေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ လက်သမား၊ ပန်းရံ စသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု၏ (၃၀%) ဖြစ်သော အိမ်ထောင်စု (၁၄) စုအား လေ့လာဆန်းစစ်မှုအရ ယင်းတို့အားလုံးမှာ သူတပါးထံမှ မချေးမငှားပဲ ၃ လ အောက်သာ ဝမ်းစာဖူလုံမှုရှိကြောင်းတွေ့ရှိရသည်။ ချေးငွေအများစုကို Pact Myanmar ၊ ဟေမန်၊ မေတ္တာဖောင်ဒေးရှင်း စသည့် အဖွဲ့အလိုက် ငွေစုငွေချေးအစီအစဉ်၊ ကျေးရွာ သမဝါယမအသင်းနှင့် ဆွေမျိုးများ၊ မိတ်ဆွေများမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများဖြစ်ပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် စားနပ်ရိက္ခာမဖူလုံမှုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကို မြင့်သည့် အနေအထားတွေ့ရှိရပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကလေးငယ်အများစုသည် ကျန်းမာကြသော်လည်း တခါတရံ မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုများ အသင့်အတင့်ရှိသည်။ ကျောင်းတွင်လည်း ကျောင်းသား/ သူများကို အဟာရတိုက်ကျွေးမှုအသင့်အတင့်ရှိပြီး အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည် လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာမှ (၁.၅) မိုင်ခန့်အကွာရှိ ရေကျော်ကြီး ကျေးလက်ဆေးပေးခန်းနှင့် (၃) မိုင်ခန့်အကွာရှိ ကန်ရွာတိုက်နယ်ဆေးရုံသို့ သွားရောက်ဆေးကုသနိုင်ပါသည်။

ကျေးရွာတွင် ရေတွင်းတစ်တွင်းမှ ရေကိုသာ အမြဲပြု သုံးစွဲရသဖြင့် နွေရာသီတွင် သောက်သုံးရေ မလုံလောက်မှုများ၊ ဝမ်းပျက်ဝမ်းလျှောနှင့် အသည်းရောင် အသားဝါ ရောဂါများ ဖြစ်ပွားမှု တခါတရံ တွေ့ရှိရပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် စာမတတ်သူဦးရေမှာ ၁၉% ခန့်သာ ရှိသဖြင့် ပညာရေးအဆင့်အတန်း မြင့်မားသည်ဟုဆိုနိုင်ပါသည်။ ဘွဲ့ရရှိသူများနှင့် တက္ကသိုလ်ပညာ သင်ကြားသူဦးရေ အနည်းငယ်ရှိပါသည်။ အခြေခံပညာရေးကို ကျေးရွာအတွင်းရှိ မူလတန်းကျောင်းတွင် သင်ယူနိုင်ပြီး အလယ်တန်း၊ အထက်တန်းပညာများကို မောင်းတီးကျေးရွာနှင့် ရေကျော်ကြီး ကျေးရွာများတွင် သွားရောက်သင်ယူနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့တွင်သင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား/ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

ပညာရေးနှင့် ဆိုင်သော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကိန်းဂဏန်းများတွင် ကျား၊ မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟုပြောနိုင်ပါသည်။ သို့သော် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုအရ နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အခြားလူမှုရေးအသင်းအဖွဲ့များတွင်လည်း အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျား/မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

# ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့မရှိသော်လည်း စီးပွားရေးအရ ဖွဲ့စည်းထားသော စိုက်ပျိုးမွေးမြူရေးနှင့် လက်လုပ်လက်စား သမချေးငွေအဖွဲ့၊ Pact Myanmar၊ ဟောမန် ငွေချေးအဖွဲ့နှင့် အမြတ်အနည်းငယ်သာယူ၍ ကျေးရွာလူထုအတွက် အထောက်အကူပြုသည့် မေတ္တာဖောင်ဒေးရှင်းအဖွဲ့များရှိပြီး ကျေးရွာလူထုမှ အဖွဲ့ဝင်များ အဖြစ် ပါဝင်ကြပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါးနှင့် နွေစပါးကို အဓိကထားစိုက်ပျိုးကြပြီး အချို့အိမ်ထောင်စုများမှာ သီးပင်စားပင်စိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြသည်။ လယ်မြေ ဧက (၁၃၃) ဧက၊ ဥယျာဉ်ခြံမြေ (၄.၅) ဧကနှင့် ဓနိတောမြေ (၈.၅) ဧကခန့်ရှိပါသည်။ ဥယျာဉ်ခြံမြေများတွင် တနိုင်တပိုင်အနေဖြင့် ကွမ်း၊ ကွမ်းသီး၊ ငရုတ်နှင့် ပဲ စသည်တို့ကို စိုက်ပျိုးကြသည်။ ဓနိတောမြေများတွင် ဓနိများလည်း ရယူစိုက်ပျိုးနိုင်ကြသည်။ မိုးစပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၅၅) တင်း၊ နွေစပါး တစ်ဧက ပျမ်းမျှအထွက် (၇၅) တင်းနှုန်းထွက်ရှိသည်။ သီးနှံစိုက်ခင်းများတွင် နှစ်စဉ် နှစ်တိုင်း ဖျက်ပိုးကျရောက်မှု အသင့်အတင့်ရှိပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်လက်တွန်းထွန်စက်များ၊ ခြွေလှေ့စက်များဖြင့် လုပ်ကိုင်သူများရှိသကဲ့သို့ လယ်ယာမြေနည်းပါးသူများမှာလည်း ငှားရမ်းလုပ်ကိုင်ကြပါသည်။ နွားမွေးမြူသည့် အိမ်ထောင်စုများမှာ နွားဖြင့်ထွန်ယက်ကြပါသည်။ ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးသဖြင့် ကျေးရွာမှ ကျပန်းအလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့်ရရှိကြသည်။ လူဦးရေနည်းပါးခြင်း၊ ရွှေ့ပြောင်းလုပ်သားများ၊ ပုသိမ်၊ မြောင်းမြ မြို့များသို့ နေ့ချင်းပြန် သွားရောက်လုပ်ကိုင်သူများရှိသဖြင့် လုပ်သားရှားပါးမှုများလည်း တစ်ခါတစ်ရံ ကြုံတွေ့ရလေ့ရှိပါသည်။ ထို့ပြင် စပါးရိတ်သိမ်းချိန်များတွင် ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းလုပ်ကိုင်ကြသဖြင့် ကျပန်းလုပ်သားများအတွက် အလုပ်အကိုင် ပြတ်လပ်မှုများလည်း တစ်ခါတစ်ရံ ကြုံတွေ့ရလေ့ရှိပါသည်။

ကျေးရွာတွင် နွားမွေးမြူသူ ၁၅.၆% ရှိပြီး ကောင်ရေ (၂၁) ခန့်ဖြင့် လယ်ယာလုပ်ငန်း လုပ်ကိုင်ကြပါသည်။ ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၇.၈% ဝန်းကျင်ရှိပြီး ဒေသမှ ဝက်မျိုးများကို တစ်အိမ်လျှင် ၃ ကောင်နှုန်းခန့်သာ မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာ ၇၆.၄% ဖြစ်ပြီး တစ်အိမ်လျှင် ၁၁ ကောင်နှုန်းခန့် မွေးမြူကြပါသည်။ ကျေးရွာမှာ မြစ်ချောင်းနား ကပ်နေသဖြင့် ဘဲမွေးသည့် အိမ်ထောင်စုမှာ ၂၉.၄% ဖြစ်ပြီး တစ်အိမ်လျှင် ၁၃ ကောင်နှုန်းခန့် မွေးမြူကြပါသည်။ ရေလုပ်ငန်းအနေဖြင့် လိုင်စင်ဖြင့် မြစ်ချောင်းများအတွင်း ပိုက်ကွင်း၊ ကျားပိုက်ဖြင့် ဖမ်းယူရောင်းချခြင်းများသာ ရှိပါသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော ကြက်နာ၊ ဝက်နာစသည့် တိရိစ္ဆာန်ရောဂါများ ရံဖန်ရံခါကျရောက် တတ်သည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူသည့် အိမ်ထောင်စုအရေအတွက်နှင့် မွေးမြူသည့်ကောင်ရေတို့ လျော့နည်းလျက်ရှိသည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများမှ ဆက်စပ်ဝင်ငွေ အထိုက်အလျောက်သာရရှိနိုင်ခြင်း၊ ကူးစက်ရောဂါ အခါအားလျော်စွာ ကျရောက်တတ်ခြင်းနှင့် မွေးမြူရေး လုပ်ငန်းကို စိတ်ဝင်တစားဆောင်ရွက်ပြီး ဝင်ငွေရရှိလိုမှု အားနည်းကြခြင်းတို့ကြောင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းနည်းပါးသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ကုန်စုံဆိုင်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ လက်သမား၊ ပန်းရံ၊ အထည်ချုပ်စက်ရုံလုပ်သားများနှင့် အစိုးရဝန်ထမ်း (ဆရာ/ မ) တို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လုပ်သက်နှင့် ပညာအရည်အချင်းအလိုက် လစာအမျိုးမျိုး ရရှိကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိပါသည်။ မုန်တိုင်းဘေး အန္တရာယ်ကျရောက်မှုနည်းပါးပါသည်။ ကျေးရွာ၏ ဘေးပတ်ဝန်းကျင်မှာ လယ်ယာမြေများ၊ ချောင်း/ မြောင်းများ၊ သစ်ပင်များဖြင့် စိမ်းလန်းစိုပြေနေ၍ မိုးခေါင်ခြင်းသဘာဝအန္တရာယ်မှာ အလွန်နည်းပါး ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇၀ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လက်လုပ်လက်စား သမဝါယမအသင်း၊ Pact Myanmar၊ ဟောမန်၊ မေတ္တာဖောင်ဒေးရှင်းစသည့် ငွေချေးအဖွဲ့များမှလည်း ချေးယူနိုင်ကြသည်။ ချေးငွေ ပြန်လည်ပေးဆပ်ရေးဆိုင်ရာ စည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက်ချေးယူကြပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

အခြေခံပညာရေးကို ကျေးရွာအတွင်းရှိ မူလတန်းကျောင်းတွင် သင်ယူနိုင်ပြီး အလျား ၆၀ ပေ အနံ ၃၀ ပေရှိသော သစ်သားကျောင်းဆောင် တစ်ဆောင်နှင့် RC ကျောင်းဆောင်သစ် တစ်ဆောင် တို့တွင်သင်ယူနိုင်ပြီး ကျောင်းအိမ်သာများလည်း ရှိပါသည်။ သို့သော် သစ်သားကျောင်းဆောင်မှာ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်သဖြင့် ကလေးများအတွက် အန္တရာယ်လည်းရှိ၍ ပြန်လည်ပြုပြင် တည်ဆောက်ရန်နှင့် ကျောင်းဆရာ/ ဆရာမ များအတွက် ဝန်ထမ်းအိမ်ရာလည်း တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါသည်။ အောင်ချက်ရာခိုင်နှုန်း အသင့်အတင့်ရှိပါသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ (၁.၅) မိုင်ခန့်ဝေးသည့် ရေကျော်ကြီးကျေးရွာဆေးပေးခန်းနှင့် (၃) မိုင်ခန့်ဝေးသည့် ကန်ရွာတိုက်နယ်ဆေးရုံတို့သို့ သွားရောက် ကုသနိုင်ကြသည်။ အရေးပေါ်လိုအပ်ပါက ပုသိမ်မြို့နယ်ဆေးရုံသို့ သွားရောက်ကုသနိုင်ပါသည်။ သောက်သုံးရေအတွက် အုတ်စီရေတွင်း တစ်တွင်းကိုသာ သောက်သုံးကြသဖြင့် နွေရာသီတွင် သောက် သုံးရေ လုံလောက်မှုမရှိခြင်းများရှိပါသည်။ မြစ်ချောင်းများမှ ရေကို သုံးစွဲသူများလည်းရှိပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ခြင်းဝိုင်း များနှင့် ပိုက်ကျော်ခြင်းကွင်းများရှိသည်။ လူငယ်အချို့သည် အရက်သေစာ သောက်စားမှု အနည်းငယ် ရှိကြသော်လည်း ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ကြပြီး ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်မှုများရှိသည်။ လူငယ်များ အသိဉာဏ်ဖွံ့ဖြိုးရေး အတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်လည်း လိုအပ်လျှက်ရှိပါသည်။

**(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ရွာတွင်းလမ်းမှာ ကွန်ကရစ်လမ်းဖြစ်သော်လည်း အကျယ် ၂ ပေခန့်သာရှိပါသည်။ ရေကျော်ကြီး ကျေးရွာနှင့် ဆက်သည့် ရွာချင်းဆက်လမ်းမှာလည်း ထု ၂ လက်မနှင့် လမ်းအကျယ် ၂ ပေ ခွဲခန့်သာရှိပြီး ယခုအခါ အနည်းငယ်ပျက်စီးနေပြီဖြစ်ပါသည်။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်းကို သာ အဓိကအသုံးပြုပါသည်။ ရွာတွင်းရှိ သစ်သားတံတားမှာလည်း နှစ်ကာလကြာမြင့်ပြီ ဖြစ်၍ ပျက်စီး

ယိုယွင်းနေပြီဖြစ်သဖြင့် ယခု စာအုပ်ပြန်လည်ပြင်ဆင်ရေးသားသည့်အချိန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်နေပြီဖြစ်ပါသည်။ ကျေးရွာရှိ ဆိပ်ခံသစ်သားတံတားမှာလည်း ဟောင်းနွမ်းဆွေးမြေ့နေသဖြင့် ကွန်ကရစ်အဖြစ် ပြန်လည်တည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။

ကျေးရွာသည် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာခြင်း၊ မြစ်ချောင်းများ ခြားနေခြင်းကြောင့် လျှပ်စစ်မီး မရရှိသဖြင့် ဆိုလာမီးများသာ အသုံးပြုကြပါသည်။ ဒီဇယ်အင်ဂျင်၊ ဘတ္တရီမီး၊ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးတို့ကို အသုံးပြုကြရပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ကန်ရွာတိုက်နယ် ရဲစခန်း၊ ကန်ကြီးထောင့်ရဲစခန်း၊ ပုသိမ်မြို့နယ် ရဲစခန်းများသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

သဲကုန်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်တည်ရှိပြီး ကန်ကြီးထောင့်မြို့နယ်အတွင်းတည်ရှိသော်လည်း ပုသိမ်မြို့နယ်နှင့် မြောင်းမြမြို့နယ် ဆက်သွယ်သော ရေလမ်းကြောင်းဖြစ်သည့် မောင်းတီးမြစ်ဘေးတွင် တည်ရှိသဖြင့် ရေကြောင်းအရ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင်းလမ်းမှာလည်း ကွန်ကရစ်လမ်းများ ဖြစ်၍ ရာသီမရွေး သွားလာနိုင်ပါသည်။

ကျေးရွာတွင်စျေးဆိုင်လေးများရှိပြီး ကျေးရွာမှ (၃) မိုင်ကျော်ခန့်ဝေးသည့် ကန်ရွာကျေးရွာဈေး၊ မြောင်းမြမြို့နှင့် ပုသိမ်မြို့မဈေးသို့ ရေကြောင်းလမ်းမှတစ်ဆင့် အလွယ်တကူသွားရောက်ဝယ်ယူရရှိနိုင်ပြီး ပစ္စည်းစုံလင်စွာရရှိနိုင်ပေသည်။

ကျေးရွာသည် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာခြင်း၊ မြစ်ချောင်းများ ခြားနေခြင်းတို့ကြောင့် လျှပ်စစ်မီး မရရှိသဖြင့် ဆိုလာမီးများကိုသာ အသုံးပြုကြရပါသည်။ ချက်ပြုတ်စားသောက်ရာတွင် ထင်းမီးကိုသာ အဓိကအသုံးပြုကြပါသည်။ ဆိုလာအသုံးပြုကြသဖြင့် ကျောင်းသူ/ သားများ၏ စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ကြပါသည်။ ချို့တဲ့သောအိမ်ထောင်စုများတွင် ဖယောင်းတိုင်မီးများ၊ ရေနံဆီမီးများကို အသုံးပြုကြရသည်။ အချို့သော အိမ်ထောင်စုများအတွက် ဆိုလာများ အသုံးပြုနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ် NEP စီမံကိန်းဖြင့် ယခု စာအုပ်ရေးသားချိန်တွင် ဆောင်ရွက်နေဆဲဖြစ်ပါသည်။

လူဦးရေအားလုံး၏ ၆၈.၈% မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ကျေးရွာအတွင်း မူလတန်းကျောင်းရှိပြီး တက္ကသိုလ်ကျောင်းသားအရေအတွက် အသင့်အတင့်ရှိသဖြင့် ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်လာစေနိုင်ပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် ဆေးဝါးကုသလိုမှုအတွက် ကျေးရွာမှ (၁.၅) မိုင်ခန့်ဝေးသည့် ကျေးရွာအုပ်စု၏ ရွာမဖြစ်သော ရေကျော်ကြီးကျေးရွာ ကျေးလက်ဆေးပေးခန်း၊ (၃) မိုင်ကျော်ဝေးသည့် ကန်ရွာတိုက်နယ်ဆေးရုံနှင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက် ပုသိမ်မြို့ပေါ်ရှိ ဆေးရုံကြီး၊ ပုဂ္ဂလိက ဆေးရုံများသို့ သွားရောက်ကုသမှုခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းအဖြစ် ငွေစုငွေချေးအဖွဲ့များ အသင့်အတင့်ရှိပြီး အဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုမှာ အသင့်အတင့်ကောင်းမွန်ကြပေသည်။ ပြင်ပပုဂ္ဂလိကငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်ပိုမိုကောင်းမွန်လာစေရန် မျှော်လင့်ပြီး ထိုအထောက်အပံ့များဖြင့် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် အခြားအသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် အထောက်အပံ့ကောင်းများ ဖြစ်လာစေရေးမျှော်လင့်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့်ပတ်သက်သော ခေတ်မီနည်းပညာပေးစနစ်များ လာရောက်ပို့ချပေးရန် ကျေးရွာမှ တောင်သူများက မျှော်လင့်နေကြပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသင့်

ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို ရေကြောင်းဖြင့် အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်ပြီး ဈေးကွက်မှာ အသင့်အတင့်ကောင်းမွန်ပါသည်။ စပါးကို အဓိက စိုက်ပျိုးကြပြီး တစ်နှစ်ပတ်လုံးရေချိုရရှိသဖြင့် နွေစပါး၊ မိုးစပါးတို့ကို လွန်စွာအထောက်အကူဖြစ်စေ သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အ ခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များ အားနည်းသော်လည်း ကျန်းမာရေးနှင့် အခြားလူမှုရေး ကိစ္စအဝဝတွင် ကျေးရွာရှိလူငယ်များမှာ လိုအပ်လျှင်လိုအပ်သလို ကူညီဆောင်ရွက်ပေးကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်ပြီး ပုသိမ်၊ ရန်ကုန် အထည်ချုပ်စက်ရုံနှင့် စက်မှုဇုန်များတွင် သွားရောက် လုပ်ကိုင်နိုင်ကြသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုများအဖြစ် ရွာတွင်းလမ်း ကျဉ်းမြောင်းခြင်း၊ ဆိပ်ခံသစ်သားတံတား ဟောင်းနွမ်းပျက်စီးနေခြင်း၊ ရွာချင်းဆက်လမ်း ကျဉ်းမြောင်း ခြင်းနှင့် ကျောင်း ဆရာ/ ဆရာမ ဝန်ထမ်းအိမ်ရာ မရှိခြင်း စသည်တို့ရှိနေပါသည်။

သီးနှံပိုးမွှားများ၊ ရောဂါများကျရောက်မှုအန္တရာယ် ရင်ဆိုင်ရလေ့ရှိပြီး လယ်ယာစိုက်ပျိုးရေး အတွက် အဟန့်အတားနှင့် စိန်ခေါ်မှုတစ်ခုအဖြစ်တည်ရှိနေပါသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုး ရေးပစ္စည်းကုမ္ပဏီများမှ တောင်သူများအတွက် နည်းပညာဝန်ဆောင်မှုများ အားနည်းကြသည်။

သောက်သုံးရေအတွက် အုတ်စီတွင်း တစ်တွင်းမှ ရေကိုသာ သောက်သုံးကြသဖြင့် နွေရာသီ တွင် တစ်ခါတစ်ရံ သောက်သုံးရေ ပြတ်လပ်ခြင်း၊ ရေတွင်းသို့ မမြင်နိုင်သော ပိုးမွှားများဝင်ရောက်ခြင်း ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုများ ရှိခြင်းကြောင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး လိုအပ်လျက် ရှိပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်_

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာအောင် တိုးချဲ့ဖန်တီးခြင်းမှတစ်ဆင့် ကျေးရွာအခြေခံ အဆောက်အဦများကို တိုးတက်ကောင်း မွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွား ဘဝကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက်ဆောင်ရွက်ခြင်း ဖြင့် ကျန်းမာရေးအထောက်အပံ့များအဖြစ် ရရှိစေမည်။

က.၃) ကျေးရွာရှိ လူငယ်များ ပညာရေးနယ်ပယ်မြင့်မားရေး၊ အလုပ်အကိုင် အခွင့်အလမ်း များရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေး ပိုမို အဆင်ပြေချောမွေ့စေရန် ရွာတွင်း ဆိပ်ခံ တံတား၊ ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် တိုးချဲ့ဆောင်ရွက်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေအတွက် စက်ရေတွင်းရရှိရန် ဆောင်ရွက်ခြင်း စသည်တို့ကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။

ခ.၂) ပညာရေးနယ်ပယ်မြင့်မားရေးအတွက် ဆရာ/ ဆရာမဝန်ထမ်းအိမ်ရာရရှိရေး သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၃) လူငယ်များ အသိပညာတိုးပွားရေး၊ စာကြည့်တိုက်ရရှိရေး အလုပ်အကိုင် အခွင့်အလမ်း များ၊ ကျွမ်းကျင်မှုများရရှိရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွား မည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊

ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) ကျေးရွာတွင်း တံတား၊ လမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း၊ သောက်သုံးရေရရှိအောင် ဆောင်ရွက်ခြင်း**

ရွာတွင်းရှိ ဆိပ်ခံသစ်သားတံတားကို ကွန်ကရစ်အဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ရန်နှင့် ရွာတွင်းလမ်း၊ ရွာချင်းဆက်လမ်းကို ကွန်ကရစ်အဖြစ် တိုးချဲ့အဆင့်မြှင့်တင်ပေးနိုင်ရန်၊ သန့်ရှင်းသောသောက်သုံးရေအတွက် စက်ရေတွင်းရရှိရန် သက်ဆိုင်ရာဌာနများဖြစ်သည့် ကျေးလက်လမ်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပါမည်။ နောင်လာမည့်နှစ်များတွင်လည်း လိုအပ်သလို ပြုပြင်ထိန်းသိမ်းမှုများကို သက်ဆိုင်ရာနှင့် ကျေးရွာမှပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားပါမည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှလည်း လိုအပ်သလိုပူးပေါင်းဆောင်ရွက်ပါမည်။

**(ဂ) ပညာရေးနယ်ပယ် မြှင့်မားရေး ဆောင်ရွက်ခြင်း**

ကျေးရွာတွင် ပညာရေးနယ်ပယ်မြှင့်မားရေးအတွက် ကျေးရွာရှိ ကျောင်း ဆရာ/ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာများရရှိရေးအတွက် သက်ဆိုင်ရာဌာနဖြစ်သော ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

**(ဃ) လူငယ်ဖွံ့ဖြိုးရေး**

ကျေးရွာရှိလူငယ်များ အသိပညာတိုးတက်မြှင့်မားရေး၊ စာကြည့်တိုက်များရရှိရေး အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုများ တိုးတက်မြှင့်မားရေးအတွက် သက်ဆိုင်ရာဌာနဖြစ်သော

ပညာရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပုဂ္ဂလိကအလှူရှင်များ စသည်တို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် မူဘောင်သည် သဘာဝဘေးအန္တရာယ် ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်း လုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာ အရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုးရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်

- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်_

## ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ သဲကုန်းကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အခြေခံအဆောက်အအုံ*** | | | | | |
| | ၁။ စက်ရေတွင်းတူးဖော်ရန် | ၁၀၀ | ၁ | - အုတ်ရေတွင်း တစ်တွင်းသာ ရှိသဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ပေးရန် | ကျေးလက် ဦးစီးဌာန |
| | ၂။ ရွာတွင်းလမ်းအား တိုးချဲ့ပြုပြင်ရန် | ၉၇ | ၂ | - ရွာတွင်းလမ်းမှာ ကျဉ်းမြောင်းသဖြင့် အကျယ်တိုးချဲ့၍ ကွန်ကရစ်အဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ရန် | ကျေးလက်/ လမ်းဦးစီး ဌာန |
| | ၃။ ရွာတွင်းဆိပ်ခံတံတားအား ကွန်ကရစ်ဖြင့် ပြုပြင်တည်ဆောက်ရန် | ၉၃ | ၃ | - ရွာတွင်းရှိ ဆိပ်ခံသစ်သားတံတားဟောင်းအား ကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ရန် | ကျေးလက်/ လမ်းဦးစီး ဌာန |
| | ၄။ ရွာချင်းဆက်လမ်းအား တိုးချဲ့ပြုပြင်ရန် | ၇၅ | ၆ | - ရေကျော်ကြီးကျေးရွာနှင့်ဆက်သော ရွာချင်းဆက်လမ်းမှာ ကျဉ်းမြောင်းပြီး ပျက်စီးနေပြီဖြစ်သဖြင့် ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်ရန်၊ | ကျေးလက်/ လမ်းဦးစီး ဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ပညာရေး* | | | | | |
| | ၅။ ဆရာ/ ဆရာမ ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးရန် | ၉၀ | ၄ | - ကျေးရွာရှိစာသင်ကျောင်းတွင် တာဝန်ကျသော ကျေးရွာပြင်ပမှ ရောက်ရှိလာသည့် ဆရာ/ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးရန် | ပညာရေး ဦးစီးဌာန |
| *လူငယ်ဖွံ့ဖြိုးရေး* | | | | | |
| | ၆။ ကျေးရွာစာကြည့်တိုက် တည်ဆောက်ရန် | ၈၀ | ၅ | - ကျေးရွာရှိ လူငယ်များ အသိပညာ မြင့်မားရေးအတွက် စာကြည့်တိုက်တည်ဆောက်ရန် | ပညာရေး/ ကျေးလက် ဦးစီးဌာန |
| | ၇။ အသက်မွေးဝမ်းကျောင်း သင်တန်းများ ပေးရန် | ၇၀ | ၇ | - အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများပေးရန် | ပညာရေး/ ကျေးလက် ဦးစီးဌာန |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့် စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ စက်ရေတွင်းတူးဖော်ရန် | ၁ | —— | | | | |
| ၂။ ရွာတွင်းလမ်းအား တိုးချဲ့ ပြုပြင်ရန် | ၂ | —— | | | | |
| ၃။ ရွာတွင်းဆိပ်ခံတံတားအား ကွန်ကရစ်ဖြင့် ပြုပြင်တည်ဆောက်ရန် | ၃ | | —— | | | |
| ၄။ ဆရာ/ ဆရာမ ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးရန် | ၄ | | | —— | | |
| ၅။ ကျေးရွာစာကြည့်တိုက် တည်ဆောက်ရန် | ၅ | | | | —— | |
| ၆။ ရွာချင်းဆက်လမ်းအား တိုးချဲ့ ပြုပြင်ရန် | ၆ | | | | | —— |
| ၇။ အသက်မွေးဝမ်းကျောင်း သင်တန်းများပေးရန် | ၇ | | | | | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် အချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှု ပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | စက်ရေတွင်းတူးဖော်ရန် | | | √ | | |
| ၂ | ရွာတွင်းလမ်းအား တိုးချဲ့ပြုပြင်ရန် | | | √ | | |
| ၃ | ရွာတွင်းဆိပ်ခံတံတားအား ကွန်ကရစ်ဖြင့် ပြုပြင်တည်ဆောက်ရန် | | | √ | | |
| ၄ | ဆရာ/ ဆရာမ ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးရန် | | | √ | | |
| ၅ | ကျေးရွာစာကြည့်တိုက် တည်ဆောက်ရန် | | | √ | | |
| ၆ | ရွာချင်းဆက်လမ်းအား တိုးချဲ့ပြုပြင်ရန် | | | √ | | |
| ၇ | အသက်မွေးဝမ်းကျောင်း သင်တန်းများပေးရန် | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး

ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက် နိုင်ရန်ဦးဆောင် ပါမည်။ ဥပမာ - မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့် ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက် ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက် ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့ အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် **ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်း ပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက် ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

